myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

March 5, 2019 Volume 17, Number 3

၅.၃.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၄၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ကျပ် |
| CBM Rate | = ၁၅၁၇.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၀.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၀.၁ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၅.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၄၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၈၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.စ၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၄၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၁၈ကျပ် |

Source: CBM Rate. etrademvanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ဆန်တင်ပို့သည့် Exporter များကို မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်မည်

ပြည်ပနိုင်ငံများသို့ G to G စနစ်ဖြင့် ဈေးကွက်တိုးချဲ့ဆောင်ရွက်နိုင်ရန် ဆန် တင်ပို့နေသည့် Exporter များကို မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး ကပြောသည်။ "G to G ရောင်းတဲ့အခါမှာ ပြည်တွင်းမှာရှိတဲ့ Exporter တွေ အားလုံးပါဝင်နိုင်ဖို့အတွက် ဆောင်ရွက်နိုင်ဖို့Exporter Registration လုပ်ဖို့ကို ညှိနှိုင်းဆွေးနွေးတာဖြစ်ပါတယ်။ ဒီလို Exporter Registration လုပ်ဖို့ ပုံစံတွေကိုလည်း ကော်မတီ (၇) ယောက်နဲ့ ဖွဲ့စည်းခဲ့ပြီး အဲဒီကော်မတီတွေက Exporter Registration လုပ်တဲ့အခါမှာ Exporter တွေနဲ့တွေ့မယ်။ Exporter တွေ စနစ်တကျပါဝင်နိုင်ဖို့အတွက် ဆန် Export လုပ်တဲ့လူတွေ မှတ်ပုံတင်ဖို့ဆောင်ရွက်မှာဖြစ်ကြောင်း ၎င်းကပြောသည်။

ပြည်တွင်း ဆန် Exporter ကုမ္ပဏီအရေအတွက်နှင့် ယင်းကုမ္ပဏီများ၏ စွမ်းဆောင်ရည်ပမာဏတို့ကို သိရှိနိုင်ရန်အတွက် Exporter Registration ကော်မတီကို မတ်လ ၁ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၌ ဖွဲ့စည်းခဲ့သည်။ ပြည်တွင်းရှိ ဆန်စက်အရေအတွက်၊ နေရာ၊ တစ်ရက် ကြိတ်ခွဲနိုင်သည့် ပမာဏ၊ တန်းမြင့်ဆန်နှင့် တန်းနိမ့်ဆန်အလိုက် ကြိတ်ခွဲနှုန်းများကို စနစ်တကျ သိရှိ နိုင်ရန်အတွက် စာရင်းကောက်ယူရန် ပညာရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီတို့မှ ဖေဖော်ဝါရီလ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

ယခင်နှစ်က ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုပမာဏမှာ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဆန်တန်ချိန် ၂ သန်းကျော်သာ တင်ပို့နိုင်ခဲ့သည့် အတွက် ဆန်တင်ပို့မှုပမာဏ တန်ချိန် ၁ ဒသမ ၆ သန်း လျော့ကျခဲ့သည်။ ယင်းကဲ့သို့ ဆန်တင်ပို့မှုလျော့ကျခဲ့သည့်အတွက် ကျန်ရှိနေသောစပါးများနှင့် အသစ်ထွက်ရှိလာမည့် နွေစပါးများကို ပိုမိုတင်ပို့နိုင်ရေး အတွက် Exporter များကို တိုက်တွန်းထားသည်ဟုဆိုသည်။ မြန်မာနိုင်ငံမှ တရုတ်ပြည်သို့ ဆန်တရားဝင် ကိုတာဖြင့် တင်ပို့မှုအတွက် ၂၀၁၆ ခုနှစ်တွင် တန်ချိန် (၁) သိန်းရခဲ့ပြီး ယခုနှစ်အတွက် ဆန်တင်ပို့မှု ကိုတာကို တန်ချိန် (၄) သိန်းထိ တင်ပို့ခွင့်ရရှိရန် နှစ်နိုင်ငံတာဝန်ရှိသူများမှ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ထားသည်။ ယင်းညှိနှိုင်း ဆွေးနွေးချက်အရ မြန်မာနိုင်ငံမှထွက်ရှိသော ဆန်ကွဲအား မြန်မာနိုင်ငံမှ ရောင်းသူနှင့် တရုတ်နိုင်ငံမှ ကုန်ဝယ်သူတို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး တရားဝင်လိုင်စင်လျှောက်ထား၍ အခွန် ပေးဆောင်ကာ ရောင်းဝယ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းများမှ ဆန်နှင့်ဆန်ကွဲ တရားဝင်တင်ပို့မှုကိုသာ အားပေးသွားမည်

ဖြစ်ပြီး၊ တရားမဝင်တင်ပို့မှုများကို ထိထိရောက်ရောက် အရေးယူသွားမည်ဟု ယင်းဆွေးနွေးပွဲ၌ တရားဝင် အသိပေးပြောဆိုခဲ့သည်။

**Source:** http://www.fifthwavenews.com/fwn/41002

## လုပ်သားဈေးကွက်တိုးတက်လာခဲ့သည့်စင်ကာပူ

စင်ကာပူနိုင်ငံသည် ယခင်နှစ်ထက် ပြည်တွင်းအလုပ်ခန့်ထားမှု တိုးပွားလာခဲ့သည်။ အလုပ်သမားလျှော့ချဖြုတ်တောက်မှုများလည်း သိသိသာသာနည်းပါးသွားခဲ့သည်ဟု Labour Market Advance Release 2018 အစီရင်ခံစာထုတ်ပြန်မှုနှင့်အတူ ၃၁.၁.၂၀၁၉ ရက်နေ့က စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း အလုပ်အကိုင်ရရှိမှု မြင့်မားလာမှုတွင်နိုင်ငံခြား အိမ်တွင်းမှုအကူလုပ်သားများ အပါအဝင် ပြည်တွင်းနေထိုင်သူများ၏ အလုပ်အကိုင်ရရှိမှုများပါ ပါဝင်ပါသည်။ အားလပ်ရက်များနှင့် ပွဲတော်ရာသီကာလများအတွက် ငှားရမ်းမှုများကြောင့် ပိုမိုမြင့်တက်လာခြင်းဖြစ်ပါသည်။

လာမည့်နှစ်တွင် ပြည်တွင်းလုပ်သား အင်အားတိုးတက်မှုအနေဖြင့် သက်ကြီးရွယ်အိုများပြားလာမှုနှင့် မွေးဖွားမှုနှုန်းလျော့ကျလာမှုတို့ကြောင့် စီးပွားရေးတစ်ရပ်လုံးအနေဖြင့် အသင့်အတင့်သာ တိုးတက်နိုင်မည်ဖြစ်သောကြောင့် လက်ဦးမှုရယူနိုင်မှု ( Pre-emptive) နှင့် ဖြစ်လာမှတုံ့ပြန်ခြင်းထက် အခြေအနေတစ်ရပ်အားဖြစ်ပေါ်လာစေရန် ဖန်တီးယူနိုင်မှု (Proactive) ဆိုင်ရာလေ့ကျင့်မှုနှင့်ကျွမ်းကျင်သင်တန်းများ ပြုလုပ်သွားကြရန် လိုအပ်ပါသည်။ ကုမ္ပဏီတိုင်း အလုပ်သမားတိုင်းက Pre-emptive နှင့် Proactive တို့ကို ရှေ့တန်းတင်ရန် အစိုးရ၊သမဂ္ဂနှင့် အလုပ်ရှင်များ သုံးဦးသုံးဖလှယ် လက်တွဲပူးပေါင်း၍ မိမိတို့ စင်ကာပူနိုင်ငံသား အလုပ်အကိုင်ကောင်းများ ရယူပိုင်ဆိုင်နိုင်ကြရန်၊ ထိုက်သင့်သည့် ကျွမ်းကျင်မှုအသစ်များရရှိထားကြရန်၊ လုပ်နည်းလုပ်ဟန်အသစ်များဖြင့် ကြိုးစားသွားကြရန် စင်ကာပူအစိုးရမှ တိုက်တွန်းထားကြောင်း စင်ကာပူစီးပွားရေးသံမှူးထံမှသိရပါသည်။

**Source: Myantrade-TIR**

## တစ်နှစ်အတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ သန်းကျော် ပြည်ပသို့ တင်ပို့ နိုင်

ပြီးခဲ့တဲ့တနှစ်အတွင်းမှာ မြန်မာနိုင်ငံက ဆန်နဲ့ဆန်ကွဲတန်ချိန် သိန်း ၂၀ ကျော် ပြည်ပကိုတင်ပို့နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ အချက်အလက်တွေအရသိရပါတယ်။ ၂၀၁၈ မေ ၁ ရက်ကနေ ၂၀၁၉ ဖေဖော်ဝါရီ ၁၅ ရက်အထိ ဆန်တန်ချိန် ၁၇ သိန်းခွဲလောက် (အိတ်ပေါင်း သိန်း ၃၄၀ ကျော်)နဲ့ ဆန်ကွဲ တန်ချိန် ၃၇၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့တာပါ။

မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံပေါင်း ၅၀ ကို ဆန်တင်ပို့ခဲ့ပြီး ဆန်ကွဲကတော့ ၂၁ နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ အရင်ကတော့ နယ်စပ်လမ်းကြောင်းကနေ အများစုကို တင်ပို့ခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာတော့ နယ်စပ်လမ်းကြောင်းနဲ့ ပင်လယ် ရေကြောင်းကတင်ပို့တာ အတူတူလောက်ဖြစ်ပါတယ်။ ဒီအတွက် ပို့ကုန်ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၀၀ လောက်ရခဲ့ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်ကတော့ ပြည်ပကို ဆန်တန်ချိန် ၁၁ သိန်းလောက် တင်ပို့ခဲ့တာဖြစ်လို့ ဒီနှစ်တင်ပို့တာ ၆ သိန်းလောက်ပိုလာပါတယ်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ အချက်အလက်တွေအရ ပြည်ပပို့တဲ့ ဆန်ဈေးနှုန်းတွေဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် ဩဂုတ်လကထက် ပျမ်းမျှအားဖြင့် လျော့သွားတာကိုတွေ့ရပါတယ်။ လက်ရှိမှာ ဆန်နဲ့ဆန်ကွဲကို တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့်ရရေး ဆွေးနွေးနေသလို အင်ဒိုနီးရှားနိုင်ငံကိုလည်း တင်ပို့ဖို့ကြိုးစားနေပါတယ်။

**Source:** http://burmese.dvb.no/archives/316360/

## မူဆယ် ၁၀၅ မိုင်တွင် တရုတ်ဝယ်လက်မလာ၍ ကျွဲနွားကောင်ရေ ၆၀၀၀ ကျော် သောင်တင်နေ

တရုတ်နိုင်ငံမှ ဝယ်လက်များမလာသဖြင့် မူဆယ် ၁၀၅ မိုင် ကျောက်တိုင်ကျွဲနွားကွင်း၌ ကျွဲနွားကောင်ရေ ၆၀၀၀ ကျော် သောင်တင်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျွဲနွားမွေးမြူတင်ပို့သူများအသင်းဥက္ကဌ ဦးသောင်းခိုင်က မတ် ၃ ရက်၌ မြန်မာတိုင်းမ်နေ့စဉ်သို့ပြောဆိုခဲ့သည်။

လက်ရှိအခြေအနေက တရုတ်ဝယ်လက်မလာလို့ ဒီမှာသောင်တင်နေတာ ရက် ၂၀ ကျော်လောက်ရှိပြီ။ တရုတ်ဝယ်လက်က ဘာလို့မလာလဲဆိုရင် ကျွန်တော်တို့ နိုင်ငံဘက်က ကျွဲနွားတွေကို တရားဝင်တင်ပို့ခွင့်ရတယ်။ ဒါပေမဲ့ G to G မဖြစ်တဲ့အခါကျတော့ တစ်ဖက်တည်းပဲ တရားဝင်ခွင့်ပြုတာ။ တရုတ်ဘက်က တရားဝင်ခွင့်ပြုတာမဟုတ်ဘူး။ ဒါကြောင့် တရုတ်ရဲကဖမ်းတော့ လာဝယ်တဲ့ပွဲစားတွေက ဒီဘက်ကကျွဲနွားတွေကို လာမဝယ်တော့ဘူး။ ကျွဲနွားကောင်ရေ ၆၀၀၀ ကျော် အခုသောင်တင်နေတယ်"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါကျွဲနွားများကို အကြီး၊ အလတ်၊ အငယ်သုံးမျိုးခွဲခြားထားပြီး တစ်ကောင်လျှင် ကျပ်သိန်း ၂၀ ခန့်ဖြင့် ရောင်းချခြင်း ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရတစ်ရက်လျှင် ကျွဲနွား အစာဖိုးကျပ်ကိုးသိန်းဖိုးကုန်ကျနေပြီး ရက် ၂၀ ကျော်ခန့်ရှိပြီ ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် အဆိုပါကိစ္စအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးထံ လိပ်မူပြီး မတ် ၂ ရက်က စာတင်ထားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/121062.html

## တစ်နှစ်အတွင်း ကွန်တိန်နာအလုံး ၂၀၀၀ ကျော် မြန်မာ့ငါးတန်များဝယ်ယူရန် တရုတ်ကမ်းလှမ်း

တရုတ်နိုင်ငံက မြန်မာနိုင်ငံမှငါးတန်ကို တစ်နှစ်အတွင်း ကွန်တိန်နာအလုံးရေ ၂၀၀၀ ကျော်ဝယ်ယူရန် ကမ်းလှမ်းလာကြောင်း ငါး မွေးမြူရေးလုပ်ငန်းရှင်နှင့် မြန်မာနိုင်ငံငါး လုပ်ငန်းအဖွဲ့ချုပ်မှ ဘဏ္ဍာရေးမှူး ဦးဇော်လင်းက မတ် ၃ ရက်၌ ပြောဆိုသည်။ တစ်ဦးတည်း တင်ပို့နေတာ ခြောက်လလောက်ရှိပြီဖြစ်ကြောင်း၊ ကွန်တိန်နာတစ်လုံးပို့လိုက်၊ နှစ်လုံးပို့လိုက်၊ ဈေးကွက်အဆင်ပြေနေတဲ့သဘောရှိကြောင်း၊ နောက်ထပ်တစ်နှစ်အတွင်း ကွန်တိန်နာအလုံး ၂၀၀၀ လောက်ရမလားဆိုပြီး တောင်းဆိုထားကြောင်း၊ ဒီဆိုက်ဝင်အောင်မွေးမယ်ဆိုရင် လေးလလောက် အချိန်ယူပြီးမွေးရမယ်။ လေးလကျော်တာနဲ့ ၆၀ ကျပ်သားပတ်လည်ရရင်ထုတ်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးဇော်လင်းကပြောဆိုသည်။ ငါးတန်သည် ငါးအစိုအပြင် ငါးခြောက်ကုန်ကြမ်းလည်းဖြစ်သည့်အတွက် ငါးတန်များကို ပြည်ပတင်ပို့ရန် အလေးချိန် ၆၀ ကျပ်သားခန့်အထိသာ မွေးမြူလာကြသည့်အတွက် ငါးခြောက်ထုတ်လုပ်သူများအနေဖြင့် ငါးခြောက်ကုန်ကြမ်းများရှားပါးလာပြီး ကုန်ကြမ်းရရှိရန် ထိုင်းနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်သွင်းနေကြရကြောင်းသိရသည်။

ငါးခြောက်နဲ့ပတ်သက်ပြီးတော့ ရေငန်ကရတဲ့ ငါးကိုလုပ်တဲ့ ရေငန်ငါးခြောက်ရယ်၊ ရေချိုမွေးမြူရေးကရတဲ့ ရေချို ငါးခြောက်ရယ် အဲဒီနှစ်မျိုးရှိပါတယ်။ ငါးခြောက်က ၅၀ ကျပ်သား၊ ၆၀ ကျပ်သားဆိုက်လုပ်ရင်ဈေးမရဘူး။ ငါးတန်ကို အရေခွံခွာပြီးတော့ ငါးခြောက်လုပ်မှ တစ်ပိဿာကို ကျပ် ၁၄၀၀၀ ဈေးလောက်ရတာ။ နိုင်ငံခြားဈေးကွက်က လိုချင်တာက ၆၀ ကျပ်သားဆိုတော့ မွေးမြူသူတွေက ကန်ထဲကဟာကို တစ်ပိဿာ၊ နှစ်ပိဿာအထိ မမွေးတော့ဘူး။ အသေးဆိုက်ကို ဖမ်းတဲ့အခါကျတော့ကုန်ကြမ်းမရတော့ကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်အသင်း အတွင်းရေးမှူး ဦးထွန်းစိန်ကပြောဆိုသည်။ မြန်မာ့ငါးတန်ကို တရုတ်မှဝယ်လိုအားများလာပါက ငါးခြောက်ထုတ်လုပ်သူများအတွက် ကုန်ကြမ်းများရှားလာမည်ဖြစ်ကြောင်းသိရသည်။ ငါးတန်ငါးခြောက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စားသုံးမှုမြင့်မားနေသည့်အတွက်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အဓိကတင်ပို့နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/121077.html

## စင်ကာပူနိုင်ငံမှ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များ နေ့စဉ် နှစ်တန်မှာယူမှုရှိသော်လည်း တန်ဝက်သာတင်ပို့ နိုင်

မြန်မာနိုင်ငံမှထွက်ရှိသည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များကို နေ့စဉ်တန်ချိန် နှစ်တန်စင်ကာပူနိုင်ငံမှ မှာယူသော်လည်း တန်တစ်ဝက်ခန့်ကို နှစ်ရက်တစ်ကြိမ်သာ ပို့ဆောင်ပေးနိုင်ကြောင်း မော်ဘီမြို့နယ် ညောင်နှစ်ပင် ခြံဦးစီးမှူး ဦးအောင်ဌေးထံမှ မတ် ၂ ရက်၌ သိရသည်။

စင်ကာပူနိုင်ငံကနေပြီးတော့ နေ့စဉ်နှစ်တန်မှာတာ မပို့နိုင်သေးကြောင်း၊ ပို့ဆောင်ပေးဖို့က ညောင်နှစ်ပင်မှာ အအေးခန်းအခက်အခဲရှိကြောင်း၊ ပို့ဆောင်တာကတော့ အခက်အခဲအနည်းငယ်ပဲရှိပေမယ့် သူတို့မှာသလောက် မပို့သေးဘဲ မပြတ်ရုံလောက်ပဲပို့နေကြောင်း၊ နှစ်ရက်ကျော်မှ တန်ဝက်ပဲပို့ပေးနိုင်သေးတယ်။ ဟင်းသီးဟင်းရွက်နဲ့ ပတ်သက်ပြီးတော့ လိုအပ်တဲ့ စက်ကိရိယာတွေကလည်းမပြည့်စုံကြောင်း၊ အအေးခန်းဆိုရင်လည်း ဟင်းသီးဟင်းရွက် အအေးခန်းမရှိဘဲ စင်ကာပူဆိုပေမယ့် နှစ်ညအိပ်လောက် ကြာကြာသွားကြောင်း ညောင်နှစ်ပင်ခြံဦးစီးမှူး ဦးအောင်ဌေးက ပြောဆိုသည်။

စင်ကာပူနိုင်ငံသို့ ပို့ဆောင်နေသော ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များမှာ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ မုန်ညင်း စိမ်း၊ ထိုင်ဝမ်မုန်ညင်း၊ ယုဆိုင် (Yusai) (ကိုက်လန်ရွက်တစ်မျိုး)တို့ဖြစ်ပြီး ကုမ္ပဏီမှတစ်ဆင့် ပို့ဆောင်နေခြင်းဖြစ်သည်။ စားသုံးသူများ အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထုတ်လုပ်နေပြီး ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ ပို့ဆောင်နေကြောင်း၊ အချို့သောအခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ ပိုဆောင်မှုခေတ္တရပ်နားထားကြောင်းသိရသည်။ ယခုလက်ရှိတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အကူအညီဖြင့် ညောင်နှစ်ပင်တွင်အအေးခန်းတည်ဆောက်နေပြီး ပြည်တွင်းရှိ City Mart များသို့နေ့စဉ် ပို့ဆောင်ပေးနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/121052.html

## စလင်း ဝက်သည်းကန်မှ ထုတ်လုပ်သော မြန်မာ့ရိုးရာပဒုမ္မာကြာချည်များ အင်းလေးဒေသ၌ ကြာပိတ်များရက်လုပ်၍ ဂျပန်စျေးကွက်သို့ တင်ပို့ ရောင်းချ

သဘာဝပေါက်ပင်တစ်မျိုးဖြစ်သော ပဒုမ္မာကြာပင်မှ ကြာပင်နုတ်လုပ်ငန်း၊ ကြာချည်ဆွဲလုပ်ငန်းနှင့် ကြာဖက်ခူးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ကျုံး၊ ရှမ်း ရွာကုန်း၊ ကန်ဘောင်၊ တမာချောင်၊ ရွာသစ်၊ ငလင်ပန်းနှင့်ဆင်ယာဉ်ဦးကျေးရွာစသည့် စုစု ပေါင်း ကျေးရွာခုနစ်ရွာမှအလုပ်သမားများနှင့် လုပ်ငန်းရှင် ၁၀၀ ခန့်သည် ရှေးပုဂံခေတ်က တိုင်တည်ရှိခဲ့သော သမိုင်းဝင် စလင်းဝက်သည်းကန်တော်ကြီးမှ ပဒုမ္မာကြာရိုးများဖြင့် ကြာချည်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် ယခုအခါ လုပ်ငန်းခွင်ဝင်နေကြပြီဖြစ်ရာ ဝင်ငွေကောင်းလျက်ရှိကြောင်း ကြာချည်ဆွဲလုပ်ငန်းရှင် ဒေါ်မာလာက မြန်မာတိုင်းမ်နေ့စဉ်သို့ မတ် ၂ ရက်တွင် ပြောဆိုခဲ့သည်။

ကြာမျိုးစိတ်များ မျိုးသုဉ်းမသွားစေရန် ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ကြာချည်ဆွဲ၊ ကြာပင်နုတ်လုပ်ငန်းကို သုံးလခန့်နားကြရသည်။ ယခုမတ်လဆန်းတွင် ကြာချည်လုပ်ငန်းအတွက် လုပ်ငန်းဝင်နေကြပြီဖြစ်ရာ ကြာပင်နုတ်သူနှင့် ကြာချည်ဆွဲသူတစ်ဦးလျှင် တစ်နေ့တာလုပ်အားခအဖြစ် ကျပ် ၄၀၀၀ အနည်းဆုံးရရှိသည်။ လုပ်ငန်းအဝယ်သွက်မှုပေါ်မူတည်၍ လုပ်အားခမှာအချိန်နှင့်တစ်ပြေးညီ အပြောင်းအလဲရှိသည်။ ကြာဖက်များကို စလင်း၊ ဆင်ဖြူကျွန်းနှင့်အော်ဒါမှာသော မြို့များရှိစျေးကြီးများသို့ စား သောက်ကုန်များထုတ်ရန် တင်ပို့ရသည်။

စလင်းမြို့မှထုတ်လုပ်သော မြန်မာ့ရိုးရာ ကြာချည်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသသို့ ပို့ရသည်။ အင်းလေးဒေသ ကယင်းကြာချည်များကို စက်ရက်ကန်းဖြင့် ရက်လုပ်ပြီး ကြာပိတ်အုပ်အဖြစ် ဂျပန်စျေး ကွက်သို့ တိုက်ရိုက်တင်ပို့ ရောင်းချသည်။ စလင်းဒေသထွက်ကုန် ကြာချည်တစ်ပိဿာ လျှင်ကျပ် ၃၅၀၀၀၀ ဖြင့် စျေးကွက်တွင် ဝယ် လိုအားရှိပြီး စျေးကွက်ခိုင်မာလျက်ရှိသည်။

ပဒုမ္မာကြာရိုးမှ ကြာချည်များဖြင့် အဆင့်မြင့်ကြာပိတ်များထုတ်လုပ်ရန် စလင်းမြို့တွင် ခေတ်မီရက်ကန်းစင်နှင့် နည်းပညာလိုအပ်လျက်ရှိကြောင်း ကြာချည်လုပ်ငန်းရှင် ဒေါ်မာလာက ဆက်လက်ပြောဆိုသည်။ စလင်းမြို့ ဖြူစင်မေတ္တာပရဟိတအဖွဲ့နှင့်ချိတ်ဆက်ပြီး ကြာချည်ပိတ်အုပ်အလိုက် ဂျပန်စျေးကွက်သို့တင်ပို့ချင်ကြောင်း ယင်းအဖွဲ့

ကလည်း ကြိုးပမ်းနေသကဲ့သို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ဈေးကွက်ရှိသည့် ကြာချည်လုပ်ငန်းကို စိတ်ဝင်စားကြောင်း ဖြင့် ၎င်းကဆက်လက်ရှင်းပြခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/121050.html

## မလေးရှားစီးပွားရေးမှာ ခရီးသွားလုပ်ငန်းရဲ့ ထည့်ဝင်နိုင်မှု သိသိသာသာ တိုးတက်လာ

မလေးရှားရဲ့ ခရီးသွားလုပ်ငန်းကတော့ ယမန်နှစ်တုန်းက နိုင်ငံရဲ့စီးပွားရေးအပေါ်မှာ ရင်းဂစ် ၈၄ ဒသမ ၁ ဘီလီယံ (ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံ) အထိ ထည့်ဝင်ပေးနိုင်ခဲ့ပြီး ဒါဟာ အစောပိုင်းတစ်နှစ်က ရင်းဂစ် ၈၂ ဒသမ ၂ ဘီလီယံ ထက် ၂ ဒသမ ၄ ရာခိုင်နှုန်း တက်လာခဲ့တာဖြစ်ပါတယ်။ ယမန်နှစ်က ယင်းနိုင်ငံဆီ ခရီးသွားအများဆုံး လာရောက်တဲ့ နိုင်ငံတွေကတော့ စင်ကာပူ၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်နဲ့ ထိုင်ဝမ်တို့ အသီးသီးရပ်တည်နေတယ်လို့သိရပါတယ်။

၂၀၁၇ နဲ့ ယှဉ်ရင် ၂၀၁၈ မှာ မလေးရှားဆီ နိုင်ငံတကာခရီးသွား ဝင်ရောက်မှု အနည်းငယ်ကျဆင်းခဲ့ပေမယ့် ခရီးသွားတွေရဲ့ တစ်ဦးချင်း သုံးစွဲငွေ ကတော့ ၂ ဒသမ ၉ ရာခိုင်နှုန်းလောက် တက်လာတယ်လို့ မလေးရှားခရီးသွားဝန်ကြီး Mohamaddin Ketapi က ပြောပါတယ်။ ခရီးသွားတွေရဲ့ တစ်ဦးချင်း အသုံးစရိတ်အမြင့်ဆုံးကတော့ အနောက်အာရှဖြစ်ပြီး အနိမ့်ဆုံးကတော့အရှေ့တောင်အာရှဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။ မလေးရှားအနေနဲ့ ယခုနှစ်မှာတော့ ခရီးသွား ၂၈ ဒသမ ၁ သန်း ကြိုဆိုနိုင်ဖို့နဲ့ ခရီးသွားလုပ်ငန်းဝင်ငွေ ရင်းဂစ် ၉၂ ဒသမ ၂ ဘီလီယံအထိ ရဖို့ မျှော်မှန်းထားတယ်လို့ သိရပါတယ်။

**Source:**https://www.channelnewsasia.com/news/business/malaysia-tourism-travel-holiday-economy-singapore-11295250

## တရုတ်က အစိုးရချင်း သဘောတူညီမှုဖြင့် ဆန်တန်ချိန် လေးသိန်းဝယ်ယူရန် စာချုပ်မူကြမ်းပေးပို့

အစိုးရချင်း သဘောတူညီမှုဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် လေးသိန်းဝယ်ယူရန် တရုတ်နိုင်ငံမှ စာချုပ်မူကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ပေးပို့ထားသည်။ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ဆန်တင်ပို့ရန် ခက်ခဲမှုများရှိနေချိန်တွင် တရားဝင်တင်ပို့နိုင်မည့် လမ်းကြောင်းစတင်ခြင်းဟု ဆန်စပါး လုပ်ငန်းကဏ္ဍမှ ပါဝင်သူများက ပြောကြားသည်။

တရုတ်နိုင်ငံသို့ တရားဝင်ဆန်ရောင်းချရန် ယခုပေးပို့သည့်စာချုပ်မူကြမ်းကို နှစ်ဖက်ညှိနှိုင်းပြီး ပြည်ထောင်စုဝန်ကြီး အဆင့်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်နေရာ ကိုလည်း ညှိနှိုင်းရမည်ဖြစ်သည်။ ဧပြီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံ ခရီးစဉ်၌ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးနိုင်မည်ဟု ဆန်ကုန်သည်အချို့ကမျှော်လင့်နေသည်။
နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပြီးလျှင် တရုတ်ဗဟိုအစိုးရသို့ တင်ပြပြီးဝယ်ယူရေး ခွင့်ပြုချက် ရရှိတင်ပို့နိုင်မည်ဖြစ်သည်။ ထို့အပြင် ဆန်ဝယ်ယူမည့်ပုံစံကို လက်ရှိအချိန်အထိ မသိရသေးကြောင်း ဦးလှမော်မြင့်မောင်က ပြောသည်။

တရုတ်နိုင်ငံသည် အစိုးရချင်းသဘောတူညီမှုဖြင့် တရားဝင်ဆန်ဝယ်ယူခြင်းကို အောက်တိုဘာတွင် စတင်လေ့ ရှိသော်လည်း လက်ရှိအခြေအနေက မည်ကဲ့သို့ဖြစ်လာနိုင်မည်ကို မသိရသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ တရုတ်နိုင်ငံသို့ တရားဝင် ဆန်ရောင်းချခြင်းဆောင်ရွက်ရာတွင် အခွန်သက်သာခွင့်ရရှိရေးအပြင် တင်ပို့ရောင်းချသူ ကုန်သည်များသာမက ကြိတ်ခွဲသူ၊လယ်သမားများပါ အခွင့်အရေး ရရှိရန် ဆောင်ရွက်နေကြောင်း ဦးလှမော်မြင့်မောင်ကဆိုသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်စပါး ထုတ်လုပ်မှုသည် ယခုလလယ်ပိုင်းက စတင်ပြီး နွေစပါးအသစ်များ ဈေးကွက်အတွင်း ဝင်လာမည်ဟု ဆန်ကုန်သည်များက ခန့်မှန်းနေ သည်။ ပြည်ပတင်ပို့မှု ပုံမှန်အခြေအနေရှိနေချိန်တွင် ဈေးကွက်အတွင်း ဆန်အသစ်များထပ်မံဝင်ရောက်လာမည်ဆိုပါက ပြည်တွင်းဆန်ဈေးကျဆင်းမှု ကြုံတွေ့မည်ကို ၎င်းတို့ကစိုးရိမ်နေသည်။

**Source:** http://www.7daydaily.com/story/151284

## စက်မှုဇုန် မြေဈေးမကျ

အိမ်ခြံ မြေဈေးကျသော်လည်း ရန်ကုန်တိုင်းရှိ စက်မှုဇုန်မြေကွက်ဈေး သိသာစွာကျဆင်းမှုမရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ စက်ရုံလုပ်ငန်းများ အဓိကလိုအပ်သော လျှပ်စစ်မီးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများကို စက်မှုဇုန်များတွင်သာရရှိနိုင်ခြင်း အခွင့်အရေးက ငှားရမ်းခနှင့်မြေကွက်ဈေးကို သိသာစွာပြောင်းလဲခြင်းမရှိဟု ၎င်းတို့ကဆိုသည်။ စက်မှုဇုန်မြေများ ရောင်းဝယ်ရာတွင် ပြင်ပအိမ်မြေဈေးကဲ့သို့ ဈေးလျှော့ရောင်းရသည့် အခြေအနေမဟုတ်ဘဲ ညှိနိုင်းဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေသည်ဟု ရွှေလင်ဗန်းစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးနေလင်းဇင်က ပြောသည်။ ရန်ကုန်တိုင်းတွင် အကောင်အထည်ဖော်ပြီးသော စက်မှုဇုန် ၂၉ ဇုန်ရှိပြီး စက်မှုဇုန်များ၌ လုပ်ငန်းမလုပ်သည့် မြေကွက်များရှိသော်လည်း ဈေးနှုန်းကိုစောင့်ရောင်းချသူများရှိခြင်းကြောင့် စက်မှုဇုန်မြေဈေးကျဆင်းရေး အခက်အခဲဖြစ်နေသည်ဟု လှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရန်ကုန်မြို့ပြင်မြို့နယ်များတွင် စက်မှုဇုန်သစ်များ အကောင်အထည်ဖော်မည့် ဝန်ကြီးချုပ်၏ အစီအစဉ်ကလည်း ယနေ့ အထိ မစတင်သေးခြင်းကြောင့် စက်မှုဇုန်မြေဈေးကျဆင်းရေးနှေးကွေးစေသည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ လျှပ်စစ်မီးလွယ်ကူစွာမရနိုင်ခြင်းနှင့် ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်ရှိသော ရန်ကုန်မြို့အတွက် လက်ရှိစက်မှုဇုန်ဟောင်းများတွင် မြေဝယ်ယူရင်းနှီးမြှုပ်နှံထားသူများ၊ ဈေးနှုန်းထိန်းထားရန် အခွင့်အလမ်းဖြစ်နေသည်။ ထို့ကြောင့် ဝန်ကြီးချုပ်၏ စက်မှုဇုန်အသစ်စီမံကိန်းများကို ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်အချို့က မျှော်လင့်နေသည်။

တိုင်းအစိုးရအနေဖြင့် အကောင်အထည်ဖော်မည့် စက်မှုဇုန်အသစ် ၁၁ ခုအတွက် လက်ရှိအချိန်တွင် လှည်းကူးနှင့် ထန်းတပင်၌ စက်မှုဇုန်နှစ်ခုကိုစတင်ရန် ကြိုးပမ်းနေသည်။ စက်မှုဇုန်အသစ်များ ထပ်မံအကောင်အထည်ဖော်နိုင်ပါက လက်ရှိစက်မှုဇုန်ဟောင်းများ၏ မြေဈေးကျဆင်းနိုင်သော်လည်း အချိန်တစ်ခု စောင့်ဆိုင်းရဦးမည်ဟု အိမ်ခြံမြေ အကျိုးဆောင်အချို့ကပြောသည်။ လက်ရှိတွင် ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်မြေဈေးသည် နေရာဒေသအလိုက် တစ်ဧကကျပ်သိန်း ၃,၀၀၀ မှ ၅,၀၀၀ ကြားဈေးရှိသည်။ မြေဖို့ခြင်း၊ ခြံခတ်ခြင်းများပြုလုပ်ထားသည့် နှစ်ဧကဝန်းကျင်မြေကွက်များသည် ကျပ်သိန်းတစ်သောင်းကျော်ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်အချို့ကပြောသည်။

**Source:** http://www.7daydaily.com/story/151279

## တရားမဝင် ငါးဖမ်းဆီးမှုများကို အရေးယူပြီးနောက် စစ်တောင်းမြစ်ဝှမ်းဒေသ၌ ငါးပိုမိုလာ



မုတ္တမပင်လယ်ကွေ့ စစ်တောင်းမြစ်ဝှမ်းဒေသ၌ တရားမဝင် ငါးဖမ်းဆီးမှုများကို စစ်ဆေးအရေးယူနေသောကြောင့် ယခင်ကာလများထက် ငါးရရှိမှု ပိုများလာကြောင်း ဒေသခံရေလုပ်သားများကပြောသည်။ အဆိုပါဒေသ၌ တရားမဝင် ပိုက်စိပ်များဖြင့် ဥပဒေမဲ့ ငါးဖမ်းဆီးနေမှုများကို လွန်ခဲ့သောလေးလခန့်က စတင်ကာ ဖမ်းဆီးအရေးယူပြီးနောက် ယခုကဲ့သို့ ငါးများပိုမိုဖမ်းမိလာခဲ့ကြောင်း ဘီးလင်းမြို့နယ် ကိုးတဲစုကျေးရွာနေ ဒေသခံရေလုပ်သား ဦးမောင်ဖော်ကပြောသည်။

အရင်နှစ်တွေတုန်းက ငါးတော်တော်ရှားခဲ့တာ။ လွန်ခဲ့တဲ့ သုံးလလောက်ကစပြီးတော့ ငါးတွေကို ပြန်တွေ့လာပါပြီ။ အရင်တုန်းက ပင်လယ်ထဲကို တစ်ကြိမ်ဆင်းရင် ငါးခြောက်ပိဿာချိန် ၃၀ လောက်ပဲ ရတာကနေ အခုနောက်ပိုင်းမှာ တချို့ရေလုပ်သားတွေဆိုရင် ပိဿာချိန် ၁၀၀ ကျော် ရကြတာတွေရှိနေပြီ။ ပိုက်စိပ်တွေနဲ့ တရားမဝင် ဖမ်းဆီးမှုတွေ မရှိတော့ရင် ဟိုးအရင်တုန်းကလိုပဲ ငါးတွေ ပြန်လည်ပေါများလာမှာပါဟု ၎င်းကပြောသည်။ တရားမဝင် ငါးဖမ်းဆီးမှုများ လျော့နည်းပပျောက်ရေး ငါးလုပ်ငန်းဦးစီးဌာန ရေလုပ်သားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့နှင့် ပူးပေါင်းကာ မုတ္တမပင်လယ်ကွေ့ စစ်တောင်းမြစ်ဝှမ်းဒေသ သထုံခရိုင်ရှိ ရေလုပ်သားများကို အသိပညာပေးဟောပြောခြင်း အကြိမ် ၂၀ ခန့်ကျင်းပခဲ့သည်။

ထို့ပြင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်နယ်ငါးလုပ်ငန်းကော်မတီကဦးဆောင်ကာ မုတ္တမ ပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြုကမ်းရိုးတန်း စီမံခန့်ခွဲမှုစီမံကိန်းပြုလုပ်ခဲ့ပြီး မော်လမြိုင် ဟိုးလ်ဒင်း(စ်)လီမိတက်နှင့် သံလွင်အေးကုမ္ပဏီတို့၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၈ စက်တင်ဘာမှ ၂၀၁၉ ဇန်နဝါရီအထိ ပင်လယ်ပြင်ကင်းလှည့် စစ်ဆေးမှု ခုနစ်ကြိမ်ပြုလုပ်ကြောင်း မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ(၂)ဦးခင်မောင်ရီကဆိုသည်။ စစ်ဆေး တွေ့ရှိခဲ့တဲ့ ပိုက်စိပ်တွေကို မီးရှို့ဖျက်ဆီးခဲ့တာတွေလည်းရှိသလို ငါးဖမ်းလှေတွေကိုလည်း စီမံခန့်ခွဲမှုနည်းလမ်းတွေနဲ့ အရေးယူဆောင်ရွက်နေတာလည်းရှိတယ်။ တရားမဝင်ဖမ်းဆီးနေတဲ့ ရေလုပ်သားတွေရဲ့ဘဝတွေ ပျက်စီးသွား လောက်တဲ့အထိ မဖြစ်ရအောင် အရေးယူမှုအပိုင်းတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်နေပါတယ်။ တရားမဝင် ဖမ်းဆီးမှုတွေ အမြစ်ပြတ်သွားအောင် အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ဦးခင်မောင်ရီကပြောသည်။

**Source:** http://www.7daydaily.com/story/151283

## စာရင်းဝင် ကူးစက်ရောဂါအဖြစ် ဖြည့်စွက်သတ်မှတ်ကြေငြာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါ အမိန့် ကြော်ငြာစာတစ်စောင်ထုတ်ပြန်လိုက်ပြီး ထုတ်ပြန်သည့်နေ့မှစ၍ (ခ) စာရင်းဝင်ကူးစက်ရောဂါအဖြစ် ဖြည့်စွက် သတ်မှတ်လိုက်ကြောင်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉) ဖြင့် ထုတ်ပြန်ကြေငြာခဲ့ပြီး ကြေငြာချက်ပါအကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး ၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော အောက်ပါရောဂါကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ (ခ) စာရင်းဝင်ကူးစက်ရောဂါအဖြစ် ဖြည့်စွက်သတ်မှတ်ကြေငြာလိုက်သည်-"

**(ခ) စာရင်းဝင်ကူးစက်ရောဂါ**

| စဉ် | ရောဂါအမည် | ဖြစ်ပွားတတ်သောတိရစ္ဆာန် |
|---|---|---|
| (၁) | အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever ) | ဝက် |

**Source: စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**